# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 7 , 2023 Volume 68, Number 5

၇.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇူလိုင် ၆ ရက်နေ့ နံနက် (၀၇:၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ မူပိုင်ခွင့်ဦးစီးဌာနရုံးဝင်းအနီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးခဲ့ပြီး ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်နှင့်ပျဉ်းကတိုးပင်များကို ပါဝင်စိုက်ပျိုးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင် ကျွန်းပင် (၁၀၀) ပင်၊ ပျဉ်းကတိုးပင် (၁၀၀)ပင်၊ ဒန့်သလွန်ပင်(၂၀၀)ပင် စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ရုံးအမှတ် (၃) နှင့် ရုံးအမှတ် (၅၂) တို့တွင် ယခင်စိုက်ပျိုးပြီးသော စိန်တလုံးသရက်ပင် (၁၁၀၀၀)ပင်၊ ပတ္တမြားငမောက်သရက်ပင် (၇၀၀) ပင်၊ ရတနာတန်းဝင်ကျွန်းပင် (၂၀၀၀) ပင်၊ ပျဉ်းကတိုးပင် (၃၀၀) ပင်၊ မဟော်ဂနီပင်

(၁၅၀) ပင်၊ မန်ဂျန်ရှား (၁၅၀) ပင်၊ ဝါးပိုးဝါး (၁၀၀၀) ပင်နှင့် ပန်းအလှပင်များ၊ အရိပ်ရ လေကာနေကာပင်များ၊ စားသုံး သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article

## ပို့ကုန်ပဲများ ဈေးကျဆင်းမှုနှင့် ပဲ ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ် ခပ်အေးအေးသာရှိနေ

ပို့ကုန်ပဲများ လက်ကျန်နည်း ဈေးကျဆင်းနေတာကြောင့် ပဲ၊နှမ်း ဈေးကွက်တစ်ခုလုံး အရောင်းအဝယ် ခပ်အေးအေးသာ ရှိနေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲတွေဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံး ကုလားပဲ၊ ပဲမာလိုင်းများပါ လိုက်ပါဈေးအေး နေကြောင်း၊ လက်ရှိအချိန်တွင် ပဲ၊ နှမ်းများကို တရုတ်နိုင်ငံသို့ နယ်စပ်မှ တင်ပို့မှု မရှိတာကြောင့် ပဲတီစိမ်းဈေးမှာ သိသိသာသာ ဈေးကျဆင်းနေကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာလည်း အမြင့်ဈေးတန်းမှာ တည်ငြိမ်နေပြီး စားအုန်းဆီဈေး မြင့်တက် လာတာကြောင့် မြေပဲဆန်တစ်မျိုးသာ ခပ်သွက်သွက်အရောင်းအဝယ်ရှိနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်း) ပွဲရုံက ပြောသည်။

“အခုသီတင်းပတ်မှာတော့ ပဲဈေး၊ နှမ်းဈေး အကုန်အေးနေတယ်။ တရုတ်နိုင်ငံကို မတင်ပို့နိုင်လို့ ပဲတီစိမ်းဈေးကတော့ ကျဆင်းသွားပါတယ်။ ပို့ကုန် မတ်ပဲ ဈေးကတော့ ဆက်လက်ကျဆင်းနေပါတယ်။ ဈေးကျဆင်းနေတော့ မတ်ပဲလှောင်လက် သမားတွေ အရောင်းမရှိဘူး။ အလားတူ ပဲစင်းငုံကလည်း လက်ကျန်နည်းလာတော့ အရောင်းသမားတွေ ထုတ်မရောင်းချင် ကြဘူး။ ပြည်တွင်းသုံး ကုလားပဲအုပ်စုနဲ့ ပဲမာလိုင်းတွေကတော့ ခပ်အေးအေးသာရှိနေပါတယ်။ နှမ်းကတော့ ပုံမှန်ဈေးအတိုင်း ရှိနေပါတယ်။ စားအုန်းဆီဈေးမြင့်တက်လာတော့ မြေပဲဆန်က ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်။ ပို့ကုန်ပဲတွေ လက်ကျန်နည်း ဈေးကျဆင်းနေလို့ ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ခပ်အေးအေးသာရှိနေပါတယ်” ဟု ၎င်းကပြောသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေသော်လည်း ယခင်နှစ် ကာလတူပေါက်ဈေးထက် ဈေးကောင်းရရှိနေသေး ကြောင်း ယခုနှစ် ပဲသစ်ရာသီတွင် အထွက်ကျဆင်းခြင်းမှာ ပဲစိုက်ဧကများလျော့ကျမှုကြောင့် ပြည်တွင်းသုံး ကုလားပဲနှင့် ပဲမာလိုင်းများမှာ စံချိန်တင် ဈေးကောင်းရရှိခဲ့ခြင်းဖြစ်သည်။

ပို့ကုန်ပဲစင်းငုံမှာလည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ထိ ပေါက်ဈေး ရှိလာတာကြောင့် ယခုနှစ် စိုက်ပျိုးချိန်တွင် တောင်သူများ တိုးချဲ့ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ဇူလိုင် ၆ ရက်တွင် မတ်ပဲဈေးမှာ ယခင်သီတင်းပတ်ထက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ မှ ကျဆင်းသွားပြီး သုံးတင်းဝင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေး ရှိတော့သည်။ ပဲစင်းငုံမှာ လက်ကျန်နည်းလာတာကြောင့် ယခင် သီတင်းပတ်ထက် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ခန့် ဈေးမြင့်တက်လာရာ၊ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ အထိ ပြန်လည်ဈေးမြင့်တက်လာသည်။ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိတာကြောင့် ထိပ်စပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ပေါက်ဈေးရှိတော့သည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇူလိုင် ၆ ရက်တွင် ဆက်လက်ဈေးကျဆင်းနေရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၈၈၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇူလိုင် ၆ ရက်တွင် နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၈၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## နိုင်ငံခြားငွေလဲနှုန်း မြင့်တက်လာမှုကြောင့် ပြည်ပမှတင်သွင်းသည့်ဆေးဝါးများ ဈေးနှုန်းမြင့်တက်နေ

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဇွန်လမှစတင်၍ နိုင်ငံခြားဖြစ်ဆေးဝါးအချို့ ဈေးနှုန်းများမှာ တရိပ်ရိပ်မြင့်တက်လာလျှက်ရှိသည်။ ပြည်တွင်း၌ အဆင့်မြင့်ဆေးဝါးများ ထုတ်လုပ်နိုင်မှုနည်းပါးခြင်းကြောင့် ရာခိုင်နှုန်း ၈၀ ကျော်ကို ပြည်ပနိုင်ငံများမှ တင်သွင်းနေခြင်းဖြစ်ပြီး ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်း၌ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

"အခုချိန်အထိ အကျမရှိသေးဘူး။ ဈေးက အမြဲတမ်းလိုလိုတက်နေတော့ လူသုံးများတဲ့ ဆေးဝါးတချို့ကိုတောင် ဝယ်မတင်နိုင်တော့ဘူး။ နာတာရှည် ရောဂါသည်တွေအတွက် မရှိမဖြစ် လိုအပ်တဲ့ဆေးတွေလောက်ပဲ တင်ရောင်းဖြစ်တော့တယ် "ဟု တောင်ဥက္ကလာပမြို့နယ်အတွင်းမှ ဆေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ဆေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဈေးကွက်အတွင်း ယခင်ကကဲ့သို့ လှောင်ကုန်များမထားရှိတော့ဘဲ လိုအပ်သလောက်သာဝယ်ယူထားပြီး မရှိမဖြစ်ဆေးများကိုသာ ဝယ်ယူရောင်းချနေကြောင်းနှင့် လက်ရှိကာလတွင် အရောင်းရပ်ထားသည့် ဆေးဆိုင်များမရှိသေးကြောင်း ဆေးဝါးရောင်းချသူများက ဆိုသည်။

သွေးထိန်းဈေး၊ သွေးကျဆေး ပုံမှန်မသောက်ရင် လေဖြတ်သွားနိုင်တယ်လေ။ ဈေးတက်လည်း ဝယ်သောက်ရမှာပဲ။ ဈေးတွေတက်သလို ဆိုင်တွေမှာ ပစ္စည်းကလည်းပြတ်သွားနိုင်တော့ ကြိုဝယ်ထားရတယ်လို့ သွေးထိန်းဆေး ပုံမှန်ဝယ်ယူသုံးစွဲနေသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၅၀ ကျော်ရှိသည့်အနက် နှစ်သန်းအထက်မှာ နာတာရှည်ရောဂါအခံရှိသူများဖြစ်ပြီး ဆေးဝါးပုံမှန်သောက်သုံးမှသာ ရောဂါအခြေနေကို ထိန်းထားနိုင်သည့်အတွက် ဆေးဝါးဈေးနှုန်းများ မြင့်တက်နေသော်လည်း မဖြစ်မနေ ဝယ်ယူသောက်သုံးနေကြရခြင်းဖြစ်သည်။

ဒေါ်လာဈေးတက်လာရင် ဆေးဈေးက တခါတည်းလိုက်တက်လာတာပဲ။ အနည်းဆုံး ငါးရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်း ကြားတက်တယ်။ လက်ကားဒိုင်တွေလည်း ဝယ်ဈေးမြင့်တော့ လျှော့မရောင်းနိုင်ဘူး။ လက်လီသမားကတော့ ပိုဆိုးပေါ့။ ရတ်တရက် ဈေးနှစ်ဆဖြစ်တာမျိုးတော့ မဟုတ်ဘူး။ တဖြည်းဖြည်းချင်းတက်လာတော့ အရင်ကိုဗစ်ကာလကနဲ့ယှဉ်ရင်တော့ နှစ်ဆဖြစ်နေပြီပေ့ါ။ ဝယ်တဲ့သူကတော့ အရင် ၁၀၀ နဲ့ဝယ်ရပြီး အခု ၂၀၀ ဖြစ်သွားရင် နှစ်ဆလို့သတ်မှတ်ကြတာ။ ရုတ်တရက် ဈေးခုန်တက်တာမျိုးမဟုတ်ဘဲ တဖြည်းဖြည်းချင်း တက်တက်လာတဲ့သဘောပါပဲဟု ရွှေပြည့်စုံဈေးတွင် ဆေးဝါးရောင်းချလျက်ရှိသော လက်ကားအရောင်းဆိုင်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြည်တွင်း၌ နိုင်ငံခြားငွေလဲနှုန်းမှာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြင့်တက်ခဲ့ပြီး ယခုရက်ပိုင်းတွင် အနည်းငယ် ကျဆင်းလာကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားဖြစ်ဆေးဝါးများကို တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့်ထိုင်းနိုင်ငံတို့မှ အများဆုံး တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် အရေးပါသည့် စွမ်းအင်ဖူလုံစေရေး
## အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်

ဂျပန်ဝန်ကြီးချုပ်ဖူမီအိုခီရှိဒအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE)နှင့် ကာတာ နိုင်ငံတို့သို့ ယခုလကုန်တွင် သွားရောက်မည့်ခရီးစဉ်အတွင်း စွမ်းအင်ကဏ္ဍ၌ အဆိုပါနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် အရင်းအမြစ်နည်းပါးသည့် ဂျပန်နိုင်ငံအနေဖြင့် စွမ်းအင်ချွေတာရေးအတွက် စွမ်းအင်ချွေတာရေး နည်းပညာများအသုံးပြုခြင်းနှင့် ဟိုက်ဒရိုဂျင်အသုံးပြုမှုကို မြှင့်တင်နိုင်ရေးဆောင်ရွက်နေသကဲ့သို့ စွမ်းအင်အရင်းအမြစ် ကြွယ်ဝသည့်နိုင်ငံများမှ လောင်စာဆီ စဉ်ဆက်မပြတ်ရရှိနိုင်ရေး သေချာစေရန်ရည်ရွယ်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဂျပန်ဝန်ကြီးချုပ်၏ခရီးစဉ်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်းတွင် ဂျပန်ခေါင်းဆောင်တစ်ဦးအနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ ပထမဆုံးသွားရောက်သည့်ခရီးစဉ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံကဲ့သို့သော ဒေသတွင်းစီးပွားရေးအရ

လွှမ်းမိုးလာနိုင်သည့်နိုင်ငံများကို တုံ့ပြန်နိုင်ရေးနှင့် ဒေသတွင်းနိုင်ငံ့စီးပွားရေး ဩဇာလွှမ်းမိုးနိုင်မှုကို မြှင့်တင်နိုင်ရေးအတွက် ဂျပန်ဝန်ကြီးချုပ်နှင့်အတူ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အများအပြားလည်း လိုက်ပါသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဝန်ကြီးချုပ်ခီရှိဒအနေဖြင့် ယခုလနှောင်းပိုင်းဖြစ်သည့် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ ၄ ရက်ကြာ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံ ၃ နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏နည်းပညာဖြင့် အဆိုပါနိုင်ငံများ၏ ကာဗွန်ကင်းစင်သည့် နိုင်ငံများဖြစ်စေရေးကြိုးပမ်းမှုများကို ပံ့ပိုးခြင်း၊ အဆိုပါနိုင်ငံများနှင့် အရင်းအမြစ်ဆိုင်ရာ သံခင်းတမန်ခင်းဆက်ဆံရေး (Resource Diplomacy)ကို မြှင့်တင်နိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါခရီးစဉ်အတွင်း ဝန်ကြီးချုပ်အနေဖြင့် ဆော်ဒီအာရေဗျဝန်ကြီးချုပ် Mohammed bin Salman၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသမ္မတ Mohammed bin al-Nahyan နှင့် ကာတာနိုင်ငံ့ခေါင်းဆောင် Sheikh Tamin bin Hamad al-Thani တို့နှင့် ထိပ်သီးအစည်းအဝေးများပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမှာ မြင့်တက်ခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးချုပ်အနေဖြင့် ခရီးစဉ်အတွင်း ဂျပန်နိုင်ငံသို့ ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ရရှိနိုင်မှုသေချာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ့စွမ်းအင်လိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရပြီး အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်အောင် ထိန်းသိမ်းလျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်း၌ ကာဗွန်ကင်းစင်သော နိုင်ငံများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ အနာဂတ်တွင် ရေနံဈေးနှုန်းများကျဆင်းနိုင်သည့်အတွက် ဆော်ဒီအာရေဗျနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE)တို့အနေဖြင့် ၎င်းတို့၏စီးပွားရေးကဏ္ဍများတွင် စွမ်းအင်ထုတ်လုပ်မှုအပေါ် မှီခိုမှုလျှော့ချနိုင်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖြန့်ကျက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**Source: The Kyodo News (၆-၇-၂၀၂၃ )**

**စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်းများ ပြည်ပသို့ တင်ပို့၊ တင်သွင်းခွင့်ပြုမည့်လုပ်ငန်းစဉ်များ ပြင်ဆင်ထုတ်ပြန်

ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း၊ လက်ဝတ်ရတနာ၊ အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ပြည်ပသို့ တင်ပို့၊ တင်သွင်းခွင့်ပြုရန်အတွက် လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဇူလိုင်လ ၃ ရက်စွဲဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါပစ္စည်းများ ပြည်ပသို့တင်ပို့ခြင်းအတွက် ပို့ကုန်လိုင်စင်ကို Letter of Credit (LC) သို့မဟုတ် Telegraphic Transfer (TT) စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီး တင်ပို့လိုသူများအနေဖြင့် ပူးတွဲပါ တင်ပို့၊ တင်သွင်းခွင့်ဆိုင်ရာလုပ်ငန်းစဉ် (Standard Operating Procedure SOP) အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လ ၃ ရက်စွဲဖြင့် ထုတ်ပြန်သည့် ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာပါ သတ်မှတ်ချက်များသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၀/၂၀၂၀)ကို ယခုသတင်းလွှာဖြင့် လွှမ်းမိုးပယ်ဖျက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ပစ္စည်း လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို တင်ပို့တင်သွင်းခွင့်လုပ်ငန်းဆောင်ရွက်လိုသူသည် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ထားခြင်းမရှိသေးပါက Myanmar Tradenet 2.0 စနစ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ပါ သတ်မှတ်ချက်များအပြင် ယင်းသို့ တင်ပို့တင်သွင်းခြင်းအတွက် သတ္တုတွင်းဦးစီးဌာန၏ ခွင့်ပြုမိန့် (သို့မဟုတ်) ထောက်ခံချက် (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်(မူရင်း/ မိတ္တူ)၊ ကုန်သွယ်မှုလုပ်ငန်းအတွက် နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းစာအုပ် (မူရင်း/မိတ္တူ)စသည်တို့ပါ ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းအပြင် တင်ပို့ တင်သွင်းမည့်ပစ္စည်းအပေါ် စိစစ်တန်ဖိုးဖြတ်ရန် လျှောက်ထားရာတွင် ကုမ္ပဏီသည် တင်ပို့ တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်းစျေးနှုန်းနှင့်တန်ဖိုးသတ်မှတ်ချက်အား UMFCCI ရုံး၊ တတိယထပ်တွင် ဖွင့်လှစ်ထားသည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့(OSSC) အဖွဲ့ခေါင်းဆောင်ထံသို့လိပ်မူ၍ ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ စံချိန်စံညွှန်းများကိုဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တင်ပို့တင်သွင်းခွင့်လိုင်စင်လျှောက်ထားရာတွင် OSSC ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ကိုယ်စားလှယ်ရုံးအဖွဲ့၌ ပို့ကုန် သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် သတ်မှတ်အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြစိစစ်ဆေးမှုခံယူပြီး Myanmar Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတ်မှတ်အခွန်ဆောင်ရာတွင် ပုံမှန် တင်ပို့၊ တင်သွင်းခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည့် အခွန်များကို နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သတ်မှတ်အခွန်နှုန်းထားများအတိုင်း အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်နှင့် တစ်ပါတည်း ပေးဆောင်ရမည်ဖြစ်သည်။

CMP စနစ်ဖြင့် တင်ပို့တင်သွင်းခြင်းအတွက် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ တင်ပို့ တင်သွင်းချိန်ကာလအတွင်း အကျုံးဝင်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတိုနှင့် အညီ အခွန်ဆိုင်ရာအကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ပစ္စည်း လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် မှတ်ပုံတင်လျှောက်ထားခြင်း၊ စိစစ် တန်ဖိုးဖြတ်ရန်လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ သတ်မှတ်အခွန်များပေးဆောင်ခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း၊ စစ်ဆေးခံယူခြင်း အဆင့်ခြောက်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

**Source: Popular News Journal**

## အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအပါအဝင် Asian Clearing Union အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုတွင် ရူပီးဖြင့်ပေးချေရန် ကြိုးပမ်းလျက်ရှိ

အိန္ဒိယနိုင်ငံသည် အရှေ့အာရှနိုင်ငံများ၊ Asian Clearing Union အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံသုံးငွေကြေးများဖြင့် ကုန်သွယ်မှုပေးချေရေး လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရန်အတွက် ဆွေးနွေးနေပါသည်။ အရှေ့အာရှနိုင်ငံများမှာ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့ ဖြစ်ပါသည်။ Asian Clearing Union (ACU) ကို ၁၉၇၄ တွင် Economic and Social Commission for Asia and the Pacific (ESCAP) အစပျိုးပေးပြီး စတင်ထူထောင်ခဲ့ပါသည်။

ACU သည် အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်များအကြား ဒေသတွင်းငွေပေးချေမှုများကို ဖြေရှင်းရန် ငွေပေးချေမှု အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ ACU တွင် ပါဝင်သည့် နိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာတို့ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံသည် အရှေ့အာရှနိုင်ငံများ၊ ACU အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုငွေပေးချေရာတွင် နိုင်ငံသုံးငွေကြေးများ သုံးစွဲရန်အတွက် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်နိုင်ခြေကို စူးစမ်း ရှာဖွေလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံသည် အခြား ၁၈ နိုင်ငံတို့နှင့် အလားတူအစီအစဉ်များကို ဆောင်ရွက်ထားပါသည်။

အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုသည် ကမ္ဘာ့ဘဏ္ဍာရေးစနစ်တွင် ပိုမိုတည်ငြိမ်မှုရှိစေရန်ရည်ရွယ်ပြီး၊ အိန္ဒိယရူပီးကို နိုင်ငံတကာသုံး ငွေကြေးဖြစ်လာစေခြင်းဖြင့် ကန်ဒေါ်လာနှင့် ယူရိုတို့အပေါ် မှီခိုနေရခြင်းကို လျှော့ချရန်ရည်ရွယ်သည်။ လက်ရှိ ACU ဥက္ကဋ္ဌနှင့် ACU ရုံးချုပ်တည်ရှိရာ အီရန်ကလည်း အဖွဲ့ဝင်နိုင်ငံများအကြား အရောင်းအဝယ် ငွေပေးချေရာတွင် ကန်ဒေါ်လာ မသုံးစွဲရေးကို တွန်းအားပေးလျက်ရှိပါသည်။

လက်ရှိသုံးစွဲနေသော ကန်ဒေါ်လာကဲ့သို့ ငွေလဲလှယ်ရန် လွယ်ကူသည့် ငွေကြေးဖြင့်ပေးချေနေသည့် စနစ်အပြင် နောက်ထပ် ထပ်တိုးသည့်စနစ်တစ်ခုအဖြစ် နိုင်ငံသုံးငွေကြေးများသုံးစွဲပြီး ပေးချေသည့်စနစ်ကို သုံးစွဲမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ စီးပွားရေးသည် ကြီးထွားနှုန်းအမြန်ဆုံးဖြစ်နေပြီး ယခင်က ယူကေရပ်တည်နေသည့် ပဉ္စမအကြီးဆုံးနေရာကို ရယူထားပြီ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ကုန်သွယ်မှုတွင် ရူပီးဖြင့်ပေးချေရန်အတွက် ၁၈ နိုင်ငံနှင့် special rupee vostro account

(SRVA) ၆၀ ခု ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။ ရူပီးကိုသုံးစွဲသည့်အတွက် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းများ အသာစီးရရှိနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံစီးပွားရေးကိုပါ တောင့်တင်းစေမည်ဖြစ်ပါသည်။

Reserve Bank of India (RBI) သည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယငွေကြေးဖြင့် နိုင်ငံတကာကုန်သွယ်မှုအတွက် ငွေတောင်းခံလွှာနှင့် ငွေပေးချေမှုများကို ခွင့်ပြုခဲ့သည်။ "ဂျာမနီနိုင်ငံနဲ့ယူကေနိုင်ငံတို့လို ဖွံ့ဖြိုးပြီးနိုင်ငံအချို့တောင်မှ အမေရိကန်ဒေါ်လာအစား ကုန်သွယ်မှုအတွက် နိုင်ငံသုံးငွေကိုအသုံးပြုဖို့ သဘောတူညီခဲ့ကြပါတယ်" ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။ ဖွင့်လှစ်ထားပြီးဖြစ်သော special rupee vostro account (SRVA) ၆၀ ခုသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် ရူပီးကို အားတောင့်တင်းစေမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေပြခြင်းကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။ vostro account သည် အခြားနိုင်ငံရှိ ဘဏ်တစ်ခုကိုယ်စား ပြည်တွင်းရှိဘဏ်တစ်ခုမှ ကိုင်တွယ်ပေးထားခြင်းဖြစ်ပါသည်။

အိန္ဒိယတွင် vostro account ဖွင့်လှစ်ထားပြီးဖြစ်သည့် ၁၈ နိုင်ငံမှာ မြန်မာ၊ ဘော့ဆွာနာ၊ ဖီဂျီ၊ ဂျာမနီ၊ ဂိုင်ယာနာ၊ အစ္စရေး၊ ကင်ညာ၊ မလေးရှား၊ မောရစ်ရှပ်၊ နယူးဇီလန်၊ အိုမန်၊ ရုရှား၊ ဆေးရှဲ ၊ စင်ကာပူ၊ သီရိလင်္ကာ၊ တန်ဇန်းနီးယား၊ ယူဂန်ဒါနှင့်ယူကေတို့ဖြစ်ပါသည်။ အီရန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး Mohammad Reza Farzin သည် ရုရှား၊ ပါကစ္စတန်နှင့်ဘီလာရုစ် အပါအဝင် နိုင်ငံများ၏ ဗဟိုဘဏ်အကြီးအကဲများနှင့် ကုန်သွယ်မှုတွင် ကန်ဒေါ်လာအသုံးမပြုရေးကို တွေ့ဆုံဆွေးနွေးခဲ့သည်။ နယ်ခြားဖြတ်ကျော် ငွေပေးချေမှုများတွင် ဗဟိုဘဏ်၏ ဒစ်ဂျစ်တယ်ငွေကြေး Central Bank Digital Currency (CBDC) များဖြင့် လုပ်ကိုင်ကြရန်အတွက်လည်း ACU အဖွဲ့ဝင်တို့ ဆွေးနွေးခဲ့ကြပါသည်။ ACU ၏ အစီအစဉ်ကို လာမည့်လအနည်းငယ်အတွင်း တရားဝင်ကြေညာနိုင်ဖွယ်ရှိပါသည်။

**Source: https://www.industrialdirectory.com.mm**

https://myantrade.gov.mm/article/naypyitaw_07072023_1001

## တောင်ကိုရီးယားနိုင်ငံတွင်း စားသုံးသူဈေးနှုန်းများ ၂.၇ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့

၂၀၂၃ ခုနှစ်၊ ဇွန်လတွင် တောင်ကိုရီးယားနိုင်ငံအတွင်း စားသုံးသူဈေးနှုန်း တိုးတက်မှုနှုန်း နှေးကွေးလာသည်မှာ (၅) လဆက်တိုက်မြောက်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်သကဲ့သို့ ၃ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်မှာလည်း ၂၁ လတာကာလအတွင်း ပထမဆုံးလအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ စာရင်းအင်း၌ာနက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။

စားသုံးသူဈေးနှုန်းသည် ငွေကြေးဖောင်းပွမှုနှုန်းကို တိုင်းတာရာတွင် အဓိကကျပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် စားသုံးသူဈေးနှုန်း တိုးတက်မှုနှုန်းသည် ၂.၇ ရာခိုင်နှုန်းရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလကနှုန်းထားဖြစ်သည့် ၃.၃ ရာခိုင်နှုန်းထက် လျော့နည်းခဲ့ပါသည်။ အထူးသဖြင့် ဝန်ဆောင်မှုများ ဈေးနှုန်းအလွန်အမင်း မြင့်မားလာခဲ့ကြောင်း၊ နိုင်ငံပိုင် Korea Electric Power Corp သည် ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများ အတက်အကျများနေသည့်အတွက် ဓါတ်အားခနှုန်းထားများကို မြှင့်တင်ခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့မှ ထွက်ကုန်များ ဈေးနှုန်းသည်လည်း ဝ.၂ ရာခိုင်နှုန်း မြင့်မားလာခဲ့ကြောင်း၊ အထူးသဖြင့် ပန်းသီးနှင့် ကြက်သားဈေးနှုန်းများသည် ၁၁.၁ ရာခိုင်နှုန်းနှင့် ၁၃.၇ ရာခိုင်နှုန်းစီ အသီးသီး မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ် နှစ်ကုန်အထိကာလအတွင်း တင်သွင်းလာသည့် ကြက်သားများအား တန်ချိန် ၃၀,၀၀၀ အထိ ပမာဏအပေါ် အကောက်ခွန် (Tariff) ကောက်ခံမှုကို ဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး၌ာနက ကြေညာထားခဲ့ပါသည်။

**Source: https://www.koreaherald.com/view.php?ud=20230704000101**

**(စီးပွားရေးသံမှူးဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_060720230445

# STOCK EXCHANGE (7.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 7th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 47,236 (Shares) | 93,926,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 361 | 2,960,200 | 33,109,694 | 271,500 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 3,807 | 10,889,950 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 89 | 631,900 | 10,400,986 | 73,847 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 2,174 | 3,346,900 | 29,664,613 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 4,710 | 11,126,850 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 36,095 | 64,971,000 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.98 | -3.57 | -0.99% | 357.70 | 359.26 | 357.70 | 47,236 | 93,926,800 | 8 | 675,208 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 47,236 (Shares) | 93,926,800 (MMK) |

## Main Board

As of 1:00 pm. 7th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 47,236 (Shares) | 93,926,800 (MMK) |

| MYANPIX | 357.98 ▼ 3.57 |
|---|---|
| Total Volume (shares) | 47,236 |
| Total Value (MMK) | 94 mil |
| Listed Company | 8 |
| Market Cap. (MMK) | 675,208 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |